**မြန်မာအန်ဂျီအိုများနှင့် စီဘီအိုများ စုံညီအစည်းအဝေး မှတ်တမ်း (အောက်တိုဘာလ ၂၇ ရက်၊ ၂၀၂၀)**

**နေရာ။ ။ Online Zoom Meeting**

**အချိန်။ ။ နံနက် ၁၀နာရီမှ နေ့လည် ၁၂နာရီ အထိ**

အစည်းအဝေးသို့ နိုင်ငံတကာအဖွဲ့အစည်းများ၊ မြန်မာအန်ဂျီအိုများနှင့်ပြည်တွင်းအဖွဲ့အစည်းပေါင်း (၁၄)ဖွဲ့မှ ကိုယ်စားလှယ်များ စုစုပေါင်း (၁၄) ဦး တက်ရောက်ခဲ့ပါသည်။ အစည်းအဝေးတွင် ပုံမှန်အတိုင်း ဖွံ့ဖြိုးရေးကဏ္ဍများနှင့်ပတ်သက်သည့် သတင်းဖလှယ်ရေးအစီအစဉ်များ၊ မြန်မာအန်ဂျီအိုကွန်ရက် ပြန်လည်ဖွဲ့စည်းရေးအတွက် ဆွေးနွေးခြင်းများ ပါဝင်သလို အခြားဆွေးနွေးရန် ကိစ္စရပ်များလည်း ပါဝင်သည်။ ယနေ့အစည်းအဝေးတွင် သဘာပတိ ဒေါ်အေးအေးသင်း (H4SS) က နှုတ်ခွန်းဆက်စကား ပြောကြားပြီးနောက် တက်ရောက်လာသူများက တစ်ဦးချင်း မိတ်ဆက်စကား ပြောကြားခဲ့သည်။

| Discussion Point |
|---|
| **MCSCGA**<br><br>• ASEAN People Forum ကို ယခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၌ ကျင်းပသွားမှာဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အခြားနိုင်ငံများမှ တက်ရောက်လိုသူများအနေဖြင့် ယခုနှစ်တွင် အွန်လိုင်းမှ တက်ရောက်ရမည်ဖြစ်ကြောင်း၊ နိုဝင်ဘာလ ၅ ရက်နေ့မှ ၇ရက်နေ့အထိ ကျင်းပသွားမှာဖြစ်ကြောင်း၊ တက်ရောက်လိုသူများအနေဖြင့် အွန်လိုင်းမှ လျှောက်ရမည်ဖြစ်ကြောင်း၊ ဖိတ်စာရရှိပါက အားလုံးကို ဖြန့်ဝေပေးမည်ဖြစ်ကြောင်း ဦးမျိုးလှိုင်က အသိပေးမျှဝေခဲ့သည်။ |
| **H4SS**<br><br>• ကိုဗစ်ကာလတွင် အဖွဲ့အနေဖြင့် ကျောင်းပြင်ပပညာရေးသင်ကြားနေသော ကလေးများ၏ မိသားစုများအား စားနပ်ရိက္ခာထောက်ပံ့ပေးသည့် အစီအစဉ်ကို လုပ်ဆောင်ခဲ့ကြောင်း၊ ကိုဗစ် Second Wave ဖြစ်လာသည့်ကာလတွင် သင်တန်းများကိုလည်း ရပ်ထားကြောင်း၊ အွန်လိုင်းမှတဆင့် သင်ကြားနိုင်အောင်လည်း စီစဉ်နေကြောင်း၊ ဝင်ငွေတိုးစေရန်အတွက် နှာခေါင်းစည်းချုပ်နည်းကို သင်ကြားပေးပြီး ချုပ်လုပ်စေကြောင်း၊<br><br>• ကျောင်းပြင်ပပညာရေးအဖွဲ့များအနေဖြင့် အစည်းအဝေးများတက်ရောက်ပြီးပါက အဖွဲ့ဝင်များသို့ ပြန်လည် မျှဝေအစီရင်ခံရာတွင် အားနည်းနေကြောင်း၊ ဆွေးနွေးတိုင်ပင်ညှိနှိုင်းခြင်းများကို ပြုလုပ်စေလိုကြောင်း ဒေါ်အေးအေးသင်းက ပြောကြားခဲ့သည်။ ဒေါ်နိုင်နိုင်ရီက ကျောင်းပြင်ပပညာရေးအဖွဲ့ကို သေချာပြန်လည်ဖွဲ့စည်းထားလျှင် အဆင်ပြေနိုင်ကြောင်းနှင့် အစည်းအဝေးခေါ်စေချင်ကြောင်း အကြံပြုခဲ့သည်။ အကြံပြုချက်များအရ နိုဝင်ဘာလ ၁၀ရက်နေ့ နေ့လည်ပိုင်းတွင် ပြုလုပ်နိုင်ရန် ဆွေးနွေးခဲ့ကြသည်။ |
| • **MIMU**<br><br>• MIMU website တွင် ရွေးကောက်ပွဲနှင့် သက်ဆိုင်သော အချက်အလက်များကို တင်ပြထားကြောင်း၊ နောက်ဆုံးရ အချက်အလက်များအနေဖြင့် ရွေးကောက်ပွဲ မကျင်းပနိုင်သည့် နေရာများအပါအဝင် အခြားမြေပုံများကိုလည်း တင်ထားကြောင်း၊<br><br>• MIMU Orientation Workshop ကို ယနေ့နေ့လည်ပိုင်း ၂နာရီတွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ တက်ရောက်နိုင်ပါကြောင်း ဒေါ်သီရိမကျော်က ပြောကြားခဲ့သည်။<br><br>• www.themimu.info |
| Retired Police Social Welfare Organization<br><br>• ရဲဝန်ထမ်းဟောင်းများစုပေါင်းဖွဲ့စည်းထားပြီး လာရှိုးမြို့တွင် အခြေစိုက်ကာ လူမှုရေးလုပ်ငန်းများကို လုပ်ဆောင်နေသော အဖွဲ့ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ကာကွယ်တားဆီးလျှော့ချရေးလုပ်ငန်းများကိုလည်း လုပ်ဆောင်နေကြောင်း၊ ပူးပေါင်းဆောင်ရွက်လိုသော အဖွဲ့အစည်းများရှိပါက ဆက်သွယ်နိုင်ပါကြောင်း ဦးတင်ဝင်းက တင်ပြခဲ့သည်။<br><br>• ဆက်သွယ်ရန်**:** ဦးတင်ဝင်း-09 784278471**,** utiwin9@gmail.com |

**အခြားဆွေးနွေးမှုများ**

- MIMU Website တွင် မြန်မာအန်ဂျီအိုများနှင့် ယခုအစည်းအဝေးအကြောင်း တင်ပေးထားကြောင်း၊ အစည်းအဝေးမှတ်တမ်းများကိုလည်း တင်ပေးထားကြောင်း၊ ထို့အတွက်လည်း ကျေးဇူးတင်ပါကြောင်း၊ အစည်းအဝေးမှတ်တမ်းများကို လိုအပ်သူများတစုတစည်းတည်း ရနိုင်စေရန် ပုံမှန် Update ပြန်လုပ်ပေးစေလိုကြောင်း ဦးရန်နိုင်ဌေးက ပြောကြားခဲ့သည်။ ဒေါ်သီရိမေကျော်က ထိုကဏ္ဍအတွက် တာဝန်ယူထားသူများကို တင်ပြပြီး လုပ်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။
- အစည်းအဝေးတွင် မှတ်တမ်းတင်ဓါတ်ပုံ ပုံမှန်ရိုက်ကူးပြီး မြန်မာအန်ဂျီအိုကွန်ရက် facebook page တွင် ပုံမှန်တင်ချင်ကြောင်း၊ မိမိပုံမပါစေလိုသူများရှိပါကလည်း ကြိုပြောပေးစေလိုကြောင်း ဦးရန်နိုင်ဌေးက တင်ပြခဲ့သည်။ တက်ရောက်သူများက မှတ်တမ်းအနေဖြင့် ရှိသင့်ကြောင်း၊ အစည်းအဝေးအစီအစဉ်တွင် ထည့်သင့်ကြောင်း၊ ဓါတ်ပုံမှာ မှတ်တမ်းပုံဖြစ်သည့်အတွက် ပြဿနာမရှိကြောင်း၊ အဆင်ပြေကြောင်း ဆွေးနွေးခဲ့သည်။

**STUM**

ဧရာဝတီ၊ မန္တလေး၊ ရန်ကုန် ၃နေရာတွင် ရွှေ့ပြောင်းလုပ်သားများအရေးကိစ္စများကို လုပ်ဆောင်ပေးနေကြောင်း၊ ဧရာဝတီရေလုပ်သားများသမဂ္ဂအဖွဲ့ကိုလည်း ဖွဲ့ပေးခဲ့ကြောင်း၊ မန္တလေးနှင့် ရန်ကုန်ရှိ တောင်သူလယ်သမားအဖွဲ့၊ စားသောက်ကုန်အဖွဲ့၊ အထည်ချုပ်အလုပ်သမားများ၊ ကုန်တင်ကုန်ချအဖွဲ့တို့အတွက် လုပ်ဆောင်ပေးနေကြောင်း၊ ရန်ကုန်တွင် အေးချမ်းသောအိမ်စီမံကိန်းကို လုပ်ဆောင်နေကြောင်း၊ ရွှေ့ပြောင်းလုပ်သားများအရေးနှင့်ပတ်သက်ပြီး သင်တန်းများဖွင့်လှစ်ပေးခြင်း၊ ဆွေးနွေးပွဲများကျင်းပခြင်းတို့ကို စင်တာ ၄ခုဖွင့်ထားပြီး လုပ်ဆောင်နေကြောင်း၊ အေးချမ်းသောအိမ် Facebook page တွင် အသေးစိတ်အချက်အလက်များကို လေ့လာနိုင်ပါကြောင်း၊ သင်တန်းတက်ရောက်လိုသူများအတွက်လည်း တင်ပေးထားကြောင်း ကိုစိုးကျော်က အသိပေးတင်ပြခဲ့သည်။

နောက်တကြိမ်အစည်းအဝေးကျင်းပမည့်ရက်- အစည်းအဝေးကို ၂၀၂၀ပြည့်နှစ်၊ နိုဝင်ဘာလ ၁၀ ရက်နေ့တွင် အွန်လိုင်းမှတဆင့် ကျင်းပမည် ဖြစ်ပါသည်။